**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေကို ဝင်ငွေရလမ်းအဖြစ် အသုံးပြုရာတွင် တင်ပြရမည့်အထောက်အထားများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာဝင်ငွေသည် နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိပါသည်။ လစာခေါင်းစဉ်မှဝင်ငွေတွင် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့်အခကြေးငွေ၊ ကော်မရှင်တို့ ပါဝင်ပါသည်။

၂။ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသော လစာမှဝင်ငွေကို ပြည်တွင်းသို့ လွှဲပြောင်း၍ ပြည်တွင်း၌ မော်တော်ယာဉ်၊ အိမ်၊ ခြံ၊ မြေ စသည့် အခြေပစ္စည်းများ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများဝယ်ယူ၊ ထည့်ဝင်ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရာတွင် **တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန် ထပ်မံပေးဆောင်ရန်မလိုသည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်**ကို ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ပြည်ပနေနိုင်ငံသား၏ ပြည်တွင်းသို့လွှဲပြောင်းသည့် လစာငွေများသည် အောက်ပါ အချက်များနှင့် ကိုက်ညီမှသာ **အခွန်ဆိုင်ရာအကျိုးခံစားခွင့်**ကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်-

(က) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဉ်မှဝင်ငွေ ဖြစ်ခြင်း၊

(၁) နိုင်ငံကူးလက်မှတ် (မိတ္တူ)၊

(၂) လစာဝင်ငွေရရှိခြင်းအထောက်အထား(မူရင်း) သို့မဟုတ် အခွန်ထမ်းဆောင်ထားသည့် အထောက်အထား(မူရင်း)၊

(၃) အလုပ်လုပ်သည့်ကာလဆိုင်ရာအထောက်အထား (မူရင်း)၊

(၄) ဆိုင်ရာကုမ္ပဏီက တရားဝင်ထုတ်ပေးသည့် လစာထုတ်ပေးမှုမှတ်တမ်း(မူရင်း)။

(ခ) ပြည်တွင်းသို့ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင် ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပို့မှုဖြစ်ခြင်း (သို့မဟုတ်) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်ခဲ့ခြင်း၊

(၁) ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင် ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့်လွှဲပို့မှုဖြစ်ပါက ယင်းလုပ်ငန်းများမှ ထုတ်ပေးသည့် ငွေလွှဲပို့မှုမှတ်တမ်း၊

(၂) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်ခဲ့ခြင်း ဖြစ်ပါက တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် နိုင်ငံခြားငွေလဲလှယ်ရေး ကောင်တာများတွင် ငွေလဲလှယ်ထားသည့် အထောက်အထားနှင့် လေဆိပ်တွင် ကြေညာထားသည့် အထောက်အထား။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)ပါအချက်များအတွက် သက်ဆိုင်သည့် အထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်း။

၄။ သို့ဖြစ်ပါ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရရှိသောလစာဝင်ငွေအပေါ် အခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို အပြည့်အဝခံစားနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ငွေလွှဲပြောင်းပေးပို့ခြင်းဖြစ်ပါက ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ကြပါရန်၊ ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်းယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင်နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် လဲလှယ်ကြပါရန်၊ လေဆိပ်တွင် ကြေညာသည့် အထောက်အထားနှင့် သက်ဆိုင်ရာအထောက်အထားများကို စနစ်တကျသိမ်းဆည်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၅။ အခွန်ဆိုင်ရာသိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲကွပ်ကဲမှုအောက်ရှိ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အမှတ်(၁၂၈/၁၃၂)၊ ဒုတိယထပ်နှင့်တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၃၉၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**